## လက်သဲခွါမြက်

Scientific name - *Digitaria ciliaris* (Retz.) Koeler

Common name - Southern crabgrass

Family - Poaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်ပြီး မြေ၌ပြန့်ကျဲစွာပေါက်သည်။ ပင်စည်သည်ချောမွေ့ပြီး အောက်ခြေပိုင်းသည် မြေမျက်နှာပြင်နှင့် ကပ်လျက်ပေါက်၍ အဖျားပိုင်းသည် အပေါ်သို့ထောင်မတ်၍ ၁ မီတာအမြင့်ထိပေါက်သည်။ အရွက်သည်ရွက်လွှဲထွက်ပြီး ရှည်မျောမျော လုံသွားပုံရှိသည်။ ရွက်ပြားသည် အစိမ်းရောင်မှ ခရမ်းရောင်ရှိပြီး နှစ်ဖက်စလုံးတွင် ပိုးသားကဲ့သို့ တောက်ပသော အမွေးများပါသည်။ ပန်းခိုင်သည် လက်ချောင်းနှင့်လည်းတူသော ပွင့်ညှာမဲ့ပန်းခိုင်နှင့်လည်းတူသော ပွင့်ညှာရှိပန်းခိုင်ဖြစ်သည်။ ထပ်ဆင့်ပန်းခိုင်များသည် ပြောင်ချောပြီး အစိမ်းဖျော့ရောင်သို့မဟုတ်အညိုဖျော့ရောင်ရှိသည်။ အစေ့အမြောက်အများ ထုတ်လုပ်နိုင်သည်။ အစေ့အားဖြင့်လည်းကောင်း၊ ပင်ပိုင်းအားဖြင့်လည်းကောင်း မျိုးပွားသည်။